အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)
WOMEN'S LEAGUE OF BURMA

# အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)၏ ဒသမအကြိမ်ညီလာခံ ထုတ်ပြန်ကြေညာချက်

ရက်စွဲ။ ။ ၂၀၁၉ ခုနှစ်၊ ဧပြီလ (၂၆) ရက်

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)၏ ဒသမအကြိမ်မြောက်ညီလာခံကို ၂၀၁၉ ခုနှစ်၊ ဧပြီလ (၂၂) ရက်မှ (၂၄) ရက်နေ့အထိ ထိုင်းနယ်စပ်တစ်နေရာတွင် အဖွဲ့ဝင်အဖွဲ့အစည်းများမှကိုယ်စားလှယ်များ၊ မူဝါဒရေးရာဦးဆောင်အဖွဲ့ဝင်များ၊ အတွင်းရေးမှူးအဖွဲ့၊ အကြံပေးအဖွဲ့ဝင်များ၊ နည်းပညာအကြံပေးများ၊ လုပ်ငန်းတာဝန်ခံများနှင့် ဝန်ထမ်းများ စုစုပေါင်း (၇၀) ဦးဖြင့် အောင်မြင်စွာ ကျင်းပပြုလုပ်ခဲ့ပါသည်။

ညီလာခံတွင် နဝမအကြိမ်ညီလာခံ သက်တမ်း (၂၀၁၇ ခုနှစ်၊ မတ်လ မှ ၂၀၁၉ ခုနှစ်၊ မတ်လ) အတွင်း ဆောင်ရွက်ခဲ့သော အတွင်းရေးမှူးအဖွဲ့၏ လုပ်ငန်းအစီရင်ခံစာများနှင့် ဘဏ္ဍာရေးအစီရင်ခံစာများကို ဆွေးနွေးသုံးသပ်အတည်ပြုခြင်း၊ အဖွဲ့ချုပ်၏ မျှော်မှန်းချက် (Vision)၊ ဦးတည်ချက် (Mission)၊ စံတန်ဖိုးများ (Values)၊ မူများ (Principles)၊ အဖွဲ့ချုပ်၏ ဖွဲ့စည်းပုံနှင့် မဟာဗျူဟာများကို ပြန်လည်သုံးသပ်ခြင်း၊ ဖြည့်စွက်ပြင်ဆင်ခြင်းနှင့် အတည်ပြုခြင်းများ ပြုလုပ်ခဲ့ကြသည်။ ထို့နောက် လက်ရှိမြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်မှုအခြေအနေ၊ ဆက်လက်ဖြစ်ပွားနေသော ပြည်တွင်းစစ်နှင့် အချို့သော တိုင်းရင်းသားဒေသများတွင် ပိုမိုပြင်းထန်လာသော လက်နက်ကိုင်ပဋိပက္ခအခြေအနေများ၊ ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် ၎င်းဖြစ်စဉ်အတွင်း အမျိုးသမီးများ၏ ပါဝင်မှု အခန်းကဏ္ဍများ၊ လူ့အခွင့်အရေးချိုးဖောက်ခံရမှုများ၊ တရားဥပဒေစိုးမိုးမှု မရှိခြင်းများ စသည်တို့ကို ဆွေးနွေးဖလှယ်ခဲ့ကြသည်။

၎င်းသို့ဆွေးနွေးရာတွင် ဆက်လက်ဖြစ်ပွားနေသော ပြည်တွင်းစစ်နှင့် နိုင်ငံရေး ပြဿနာများကို နိုင်ငံရေးနည်းဖြင့် ငြိမ်းချမ်းစွာဖြေရှင်းလိုသည့်စိတ်ဆန္ဒမရှိခြင်း၊ တပ်မတော်မှ အာဏာတည်မြဲရေးကို စစ်ရေး၊ နိုင်ငံရေး နည်းမျိုးစုံဖြင့် ဆက်လက်ကြိုးပမ်းနေခြင်း၊ ငြိမ်းချမ်းရေး ဖြစ်စဉ်တွင်ပါဝင်ပတ်သက်နေသူများအကြား မတူညီသော ဦးတည်ချက် များ ရှိနေခြင်း၊ လူ့အခွင့်အရေးနှင့် ဒီမိုကရေစီ စံတန်ဖိုးများ ဆိတ်သုဉ်းနေသေးခြင်း၊ လူ့အခွင့်အရေးချိုးဖောက်ကျူးလွန်သူများ ပြစ်ဒဏ်မှ ကင်းလွတ်ခွင့်ရနေခြင်း၊ ကျူးလွန်ခံရသူများအတွက် တရားမျှတမှုမဖော်ဆောင်နိုင်ခြင်း နှင့် နိုင်ငံရေး အကျိုးအမြတ်အတွက် ဘာသာရေး၊လူမျိုးရေးကို အခြေခံသော အမျိုးသားရေးဝါဒဖြန့်ချီစည်းရုံးမှုများ နေရာအနှံ့ ပိုမိုကျယ်ပြန့်လာခြင်း စသည်တို့သည် လက်ရှိမြန်မာ့နိုင်ငံရေးအခြေအနေ၏ အဓိကစိန်ခေါ်မှုများ ဖြစ်ကြောင်းသုံးသပ်ခဲ့ကြသည်။

ထို့အပြင် ပိုမိုဆိုးရွားလာသော ပြည်သူများ မြေယာပိုင်ဆိုင်ခွင့် ဆုံးရှုံးမှု အခြေအနေများ၊ တိုင်းရင်းသားဒေသများအတွင်း အကြီးစား ဖွံ့ဖြိုးရေး စီမံကိန်းများနှင့် သယံဇာတတူးဖော်ခြင်းဆိုင်ရာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ၏ နောက်ဆက်တွဲ ပြဿနာများ၊ ပြည်တွင်း၊ ပြည်ပစစ်ပြေးရှောင်ဒုက္ခသည်များ၏ အခြေအနေများ၊ မူးယစ်ဆေးဝါးပြဿနာများ နှင့် အထွေထွေ လူမှုစီးပွားအကျပ်အတည်းများ စသည့်အခြေအနေများကိုလည်း သုံးသပ်ဖော်ထုတ်ခဲ့ကြသည်။

၎င်းညီလာခံတွင် အဖွဲ့ချုပ်၏ နိုင်ငံရေးမျှော်မှန်းချက်၊ ဦးတည်ချက်နှင့်အညီ လာမည့်ညီလာခံသက်တမ်း (၂) နှစ်တာ ကာလတွင် ကျား-မ တန်းတူညီမျှရေး၊ လူမှုတရားမျှတရေးနှင့် တိုင်းရင်းသားတန်းတူညီမျှရေးတို့ကို အခြေခံသော ဖက်ဒရယ် ဒီမိုကရက်တစ် ပြည်ထောင်စုတည်ဆောက်ရေးကို ရှေးရှု၍ ပြည်တွင်းစစ်ရပ်စဲရေး၊ ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးဖော်ဆောင်ရေး၊ နိုင်ငံရေး နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် အမျိုးသမီးများပါဝင်မှု အခန်းကဏ္ဍ မြင့်မားရေး၊ အမျိုးသမီးနိုင်ငံရေး စွမ်းရည်မြှင့်တင်ရေး၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးနှင့် ကျူးလွန်သူများ ပြစ်ဒဏ်ကင်းလွတ်ခွင့်ရနေခြင်းမှ ရပ်တန့်ရေး၊ ကျူးလွန်ခံရသူများအတွက် တရားမျှတမှုဖော်ဆောင်ရေး စသည့် လုပ်ငန်းစဉ်များကို ဦးစားပေးလုပ်ဆောင် သွားရန် သဘောတူဆုံးဖြတ်ခဲ့ကြသည်။

ညီလာခံမှ ဒသမအကြိမ်ညီလာခံသက်တမ်း (၂၀၁၉ ခုနှစ်၊ ဧပြီလ မှ ၂၀၂၀ ခုနှစ်၊ ဧပြီလ) အတွင်း အဖွဲ့ချုပ်၏ စံတန်ဖိုးများနှင့် မူဝါဒများကို အကောင်အထည်ဖော်ဆောင်မည့် မူဝါဒရေးရာဦးဆောင်အဖွဲ့ကို အဖွဲ့ဝင်အဖွဲ့စည်း (၁၃) ဖွဲ့ မှ တာဝန်ပေးအပ်သည့် ကိုယ်စားလှယ်တစ်ဦးစီဖြင့် အတည်ပြုဖွဲ့စည်း တာဝန်ပေးအပ်ခဲ့ပြီး အဖွဲ့ချုပ်၏ ရှေ့လုပ်ငန်းစဉ်

GPO Box 413, Chiang Mai 50000, Thailand Tel: 66 53 217 006: Fax: 66 53 226 578 Email: secretariat@womenofburma.org

များကို အကောင်အထည်ဖော်ဆောင်သွားမည့် အဖွဲ့ဝင် (၃) ဦးပါဝင်သည့် အတွင်းရေးမှူးအဖွဲ့ကို အောက်ပါအတိုင်း ရွေးကောက်တင်မြှောက် ခဲ့ကြသည်။

- **အထွေထွေအတွင်းရေးမှူး - နော်ဆဲဆဲ**
- **တွဲဖက်အတွင်းရေးမှူး (၁) - နာင်းမိုမို**
- **တွဲဖက်အတွင်းရေးမှူး (၂) - လိုည်းပိုးညိုစ်း**

အမျိုးသမီးများအဖွဲ့ချုပ်(မြန်မာနိုင်ငံ)သည် သမိုင်းနောက်ခံမတူညီသော တိုင်းရင်းသူအမျိုးသမီးအဖွဲ့အစည်း (၁၃) ဖွဲ့ဖြင့် ၁၉၉၉ ခုနှစ်၊ ဒီဇင်ဘာလ (၉) ရက်နေ့တွင် ဖွဲ့စည်းတည်ထောင်ခဲ့သည့် အမျိုးသမီးအဖွဲ့ချုပ်ဖြစ်ပြီး လက်ရှိတွင်လည်း အဖွဲ့ဝင်အဖွဲ့ အစည်း (၁၃) ဖွဲ့ရှိသည်။ ယခုအခါ မိမိတို့အဖွဲ့ချုပ်သည် သက်တမ်းကာလ (၂၀) နှစ်ရှိလာပြီဖြစ်သည်။

**ဆက်သွယ်ရန်**
**အထွေထွေအတွင်းရေးမှူး - နော်ဆဲဆဲ**
**+ ၆၆ ၀၈၁၃၃၈၇၃၃၁၂၊ +၉၅ ၀၉ ၂၅၅၈၁၇၀၉ ၂**
**မူဝါဒရေးရာဦးဆောင်အဖွဲ့ - နာင်းဇင်နွယ်**
**+ ၆၆ ၉ ၉ ၂၉ ၆၃၄၂၈ ၊ +၉၅ ၀၉ ၄၄၉ ၃၂၉ ၅၈၀**

**အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)**